ကျုံပျော်လေးကျေးရွာ

ဟသ်ာတမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၉ – ၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျုံပျော်ကျေးရွာ၊ ဟသ်ာတမြို့နယ်

# မာတိကာ


မာတိကာ ၁-၄
အတိုကောက်စကားလုံးများ ၅
စကားချီး ၆
ကျုံပျော်လေးကျေးရွာအရင်းအမြစ်ပြမြေပုံ၊ဟသ်ာတမြို့နယ် ၇
ကျုံပျော်လေးကျေးရွာရာသီခွင်ပြက္ခဒိန် ၈
ကျုံပျော်လေးကျေးရွာ၊ အဖွဲ့အစည်းပြမြေပုံ ၉

**အပိုင်း(က)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ်**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၁၀-၁၂
(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၂
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား
(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၂-၁၅
(က) လူဦးရေဆိုင်ရာ အချက်လက်များ
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
(ဃ) ကျန်းမာရေးနှင့် အာဟာရ
(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ
(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၅-၂၀
(က) ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်ဆိုင်ရာစီမံခန့်ခွဲမှု
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု
(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှုလမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၂၀-၂၃
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(၆) ပန်းတိုင်နှင့် ဗျူဟာ ၂၃-၂၅
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၅-၂၇
(၈) စီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် အချိန်ကာလ ၂၇-၃၂
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမကိန်းအုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်ရမည့် အချိန်ကာလ
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရွေးချယ်မှုများ ၃၂-၃၄
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ ၃၄-၃၆
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၆-၃၈
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၃၉-၉၁
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့်ကျား/မအလိုက် အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား ၆ ဥစ္စာခနေအဆင့်အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိပဲတနေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ
ဇယား ၁၁ ကျေးရွာအတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့်အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏စိုက်ပျိုးရေးသုံးကရိယာများပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက်အခွင့်အလမ်းများ
ဇယား ၂၃ စိုက်ပျိုး/မွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက်ပြဿနာ
နှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ပုံစံနှင့်အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏အဓိကအကြောင်းအရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့်ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း
ဇယား ၂၉ ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့
အကျင့်နှင့်အခက်အခဲများ
ဇယား ၃၀ မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့်တက္ကသိုလ်အဆင့်စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတတ်နှုန်း
ဇယား ၃၂ စာသင်ကျောင်းအခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေးအခက်အခဲနှင့်ပြဿနာများ
ဇယား ၃၄ အဖြစ်များသောရောဂါများ
ဇယား ၃၅ လွန်ခဲ့သော(၁၂)လအတွင်းကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိမှု

ဇယား  ၃၈  အိမ်သာအမျိုးအစား
ဇယား  ၃၉  ကျား/မ ရေးရာ
ဇယား  ၄၀  ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ
ဇယား  ၄၁  ကျေးရွာ၏တံတားတည်ရှိမှု
ဇယား  ၄၂  ရေကြောင်းသယ်ယူပို့ဆောင်ရေး
ဇယား  ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား  ၄၄ လျှပ်စစ်မီးရရှိမှုအခြေအနေများ
ဇယား  ၄၅ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ
ဇယား  ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား  ၄၇ ဘေးကင်းလုံခြုံရေးဝန်ဆောင်မှုအထောက်အကူများလက်လှမ်းမီမှု
ဇယား  ၄၈ မှုခင်းဖြစ်ပွားမှုအခြေအနေ
ကိုးကားစာရင်း ၉၂

အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

## စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ခုနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျုံပျော်လေးကျေးရွာ၏ ကျေးရွာသူ၊ ကျေးရွာသားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးကျေးရွာဖွံ့ဖြိုးရေး စီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက် များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်းအချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်း ကိုလည်း ကောင်းစွာသိရှိ ခဲ့ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ကျုံပျော်လေးကျေးရွာ
ဟသ်ာတမြို့နယ်

ဧပြီလ၊ ၂၀၁၉ ခုနှစ်          ရက်

ဝိတောက်ကုန်းကျေးရွာအုပ်စု၊ ကျုံပျော်လေးကျေးရွာသယံဇာတပြမြေပုံ



## ကျုံပျော်လေးကျေးရွာ၊ ရာသီခွင်ပြ ပြက္ခဒိန်၊ ဟင်္သာတမြို့နယ်

| စဉ် | အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ရာသီဥတု | ☀ | ☀ | ☁ | ☁ | ☁ | ☁ | ☁ | ☀ | ☀ | ☀ | ☀ | ☀ |
| ၂ | အလုပ်အကိုင် | လယ်ထဲ အမှိုက်ချ | လယ်ထဲ ပေါင်းသတ် | လယ်ထဲ ထွန်စက်ခွဲ | လယ်ထဲ စပါးကျဲ | ပေါင်းသတ် ဆေးဖျန်း | အစာပက် | ကောက်ရိတ် | မတ်ပဲစိုက် | အားဆေး ပိုးသတ် ဆေးဖျန်း | ဆေးဖျန်း | ပဲနုတ် | ပဲခြွေ |
| ၃ | သဘာဝဘေး | | | | တောရေကြီးခြင်း | | | | | | | | |
| ၄ | ပွဲတော် | သင်္ကြန်ပွဲ | ညောင်ရေသွန်းပွဲ | | | | | မီးထွန်းပွဲတော် | ကထိန်ပွဲ | | ကရင်နှစ်သစ် ကူးပွဲ | နှမ်းမနဲ့ပွဲ | ဘုရားပွဲ |
| ၅ | တုပ်ကွေး | | | | | | ဝက်တုပ်ကွေး | | | | ကြက်တန်းကျ | | |
| ၆ | အခြားသီးနှံ | | | ကွမ်း | | | | | | | | | |
| ၇ | ရေ | | | ✔ | ✔ | ✔ | ✔ | ✔ | | | | | |
| ၈ | ဝင်ငွေအနည်း ဆုံးလ | | | | | | | | | ✔ | ✔ | ✔ | ✔ |

ကျုံပျော်လေးကျေးရွာ၊ အဖွဲ့အစည်းပြမြေပုံ



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း၊ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

### ၁.၁ ရည်ရွယ်ချက်နှင့်အကျိုးဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးဒေသဖွံ့ဖြိုးရေး လုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့်အစီအစဉ်သစ် ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့်ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာ စီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကိုရှင်းရှင်းလင်းလင်း ဖော်ပြထား ပါသည်။ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန်လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီ များကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြ

မည်ဖြစ်ပါသည်။ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက် နှင့်၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့်ဦးစားပေး ဆောင်ရွက်ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များ အနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့်ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များ ကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများ ထံမှရနိုင်မည့် အကူအညီများကို အခြေခံကာဦးစားပေး စီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့်လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှုရစေရန်အတွက်ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့

အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ် ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက် သွားမည့်အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျုံပျော်လေးကျေးရွာသည် ဟသ်ာတမြို့နယ်၊ပိတောက်ကုန်းကျေးရွာတွင် ပါဝင်ပြီး မြစ်ဝကျွန်းပေါ်မြေပြန့်ဒေသဖြစ်ပါသည်။ ကျုံပျော်လေးကျေးရွာသည် ဟသ်ာတမြို့ (၂၀)မိုင်ကွာဝေးပြီး ဟသ်ာတ-ပုသိမ်ဆက်သွယ်ရေး လမ်းမ၏ တောင်ဘက်တွင် ကပ်လျက်တည်ရှိပါသည်၊ အရှေ့ဘက်တွင် ရှားခဲအုပ်စု၊ အနောက်ဘက်တွင် ပေါက်တန်းလေးအုပ်စု၊ တောင်ဘက်တွင် တောင်ကလုံ အုပ်စုနှင့်မြောက်ဘက်တွင် အဝိုင်းကျောင်းစုကျီးအိုင်ကျေးရွာနှင့် ကျုံပျော်-ဒုတ်စိုက်ချောင်းရှိပါသည်။ (တ)ကျုံပျော်လေးကျေးရွာသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုအဓိကလုပ်ကိုင်ပြီး ခြံလုပ်ငန်းတွင် ကွမ်းနှင့် ပီလောပီနံတို့ကို အဓိကထား စိုက်ပျိုးပါသည်။ နွေရာသီခြံစိုက်ပျိုးရေးအတွက် ရေနုတ်မြောင်းနှင့်နီးရာတွင် မေနုတ်မြောင်းမှ ရေများကိုအသုံးပြု၍ ဝေးသောနေရာများတွင် အဝီစိတွင်းများမှရေများကို အသုံးပြုပါသည်။သောက်သုံးရေကို အဝီစိတွင်းနှင့် ရေသန့်တွင်းတို့မှ အသုံးပြုပါသည်။

### (ခ) သဘာဝအရင်းအမြစ်

ကျုံပျော်လေးကျေးရွာတွင် သတ္တုတွင်းထွက်ပစ္စည်းများ ထွက်ရှိမှု မရှိပါ။ ကျုံပျော်လေး-ဒုတ်ရိုက်ချောင်းနှင့် ရေနုတ်မြောင်းရှိပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျုံပျော်လေးကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၁၃)စုရှိပြီး လူဦးရေ စုစုပေါင်း(၄၈၆)ဦးရှိပါသည်။ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄)ဦး နှုန်းရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅)ဦးနှုန်းထက် လျော့နေပါသည်။ အသက်(၁၅နှစ်မှ ၆၅နှစ်) အထိအလုပ်လုပ် နိုင်သောလူဦးရေများမှာ (၇၂%)ရှိပြီး (၁၅)နှစ်အောက်လူဦးရေနှင့်(၆၀)နှစ်နှင့် အထက်လူဦးရေစုစုပေါင်း (၃၄%)သည်

မှီခိုသူများဖြစ်ကြပါသည်။ ကျေးရွာအတွင်းနေထိုင်သူဦးရေ များသောကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ရရှိနိုင်ပါသည်။

## (ခ) စီးပွားရေးအခြေအနေ ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့် မမျှတမှု

ဥစ္စာခနအဆင့်သတ်မှတ်ချက်အရ ကျေးရွာအိမ်ထောင်စု၏(၃၈%)နီးပါးမှာ မပြေလည်သော အိမ်ထောင်စုများဖြစ်ပါသည်။ အဆင်ပြေသော အိမ်ထောင်စုမှာ (၄%)စု၊အလယ်အလတ်ရှိသောအိမ်ထောင်စု(၂၄%)စုရှိပြီးဆင်းရဲသော အိမ်ထောင်စုမှာ(၅၂%)စုရှိပါသည်။ အလွန်ဆင်းရဲသောအိမ်ထောင်စုမှာ(၂၀%)၊ အဆင်ပြေသော အိမ်ထောင်စုများမှာပျမ်းမျှအားဖြင့်လယ်(၁၅)ကေအထိသာပိုင်ဆိုင်ပြီးအနည်းစုဖြစ်သည်။ ကျန်လယ်သမားများမှာ လုပ်ကွက်ငယ် လယ်သမားများဖြစ်ပါသည်။ လယ်ယာသုံးစက်ကရိယာများကို လယ်သမားအနည်းစုသာ ပိုင်ဆိုင်ပြီး ကျန်လယ်သမားများသည် ငှားရမ်း ထွန်ယက်ကြပါသည်။ အိမ်အခြေအနေမှာ အိမ်ထောင်စု တဝက်သာ ကောင်းမွန်မှု ရှိပြီး အလယ်အလတ်ရှိသူတို့မှာ သင့်တင့်သော အဆောက်အဦသာရှိပါသည်။ ဆင်းရဲသောအိမ်ထောင်စုများနှင့် အလွန်ဆင်းရဲသောအိမ်ထောင်စု များတွင် ကောင်းမွန်သော အိမ်ပိုင်ဆိုင်မှုမရှိခြင်း၊ လယ်ခြံမရှိခြင်း(စိုက်ပျိုးခြံ) မရှိသော ကြောင့်ကျပမ်းအလုပ်များ၊ ဈေးရောင်း၊ ကယ်ရီလိုက်၊ မြို့ကြီးများသို့သွားရောက်သူများရှိပါသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျုံပျော်လေးကျေးရွာတွင် ဆင်းရဲနွမ်းပါးသော အိမ်ထောင်စု(၃၈)စုရှိသည့်အနက် (၁၅)အိမ်ထောင်စုမှာ (၃)လလောက် ချေးငှားခြင်းမပြုဘဲ စားသောက်နိုင်ပြီး (၁၄)အိမ်ထောင်စုမှာ (၃-၅)လအထိ ဝမ်းစာဖူလုံမှုရှိပါသည်။ အိမ်ထောင်စု (၉)မှာ (၆)လနှင့် အထက်ချေးငှားခြင်းမပြုပဲ ထမင်းပုံမှန်နပ်မှန်အောင်စားနိုင်ကြပါသည်။ ၎င်းတို့သည် လုပ်အားကြွေးယူခြင်း၊ ဆွေမျိုး၊ မိတ်ဆွေငွေတိုးချေးစားသူများမှ ချေးယူခြင်း ၊အခြားဒေသသို့သွားရောက် အလုပ်လုပ်ကိုင်သူတို့ထံမှ ပြန်ပို့ငွေတို့ဖြင့် စားနပ်ရိက္ခာဖူလုံရန် ဖြေရှင်းနေကြရပါသည်။ ငွေချေးမဖူလုံသော ရပ်ကွက်ငယ်တောင်သူအများစုရှိသည့် အတွက်ထိခိုက်မှုများ အများဆုံးတွေ့ရပါသည်။ စိုက်ပျိုးစရိတ်ကိုချေးငွေအမျိုးမျိုးနှင့် ဖြေရှင်းရပါသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျုံပျော်လေးကျေးရွာတွင် ကျန်းမာရေးချို့တဲ့မှုရှိပါက ရွာတွင်း ကျန်းမာရေးဌာနရှိ ကျန်းမာရေးနှင့် ကုသနိုင်သော်လည်း သာမန်ဖျားနာမှုဖြစ်ပါက ၃ မိုင် ၅ဖာလုံလောက်ဝေးသော ရှားခဲတိုက်နယ်ဆေးရုံသို့ သွားရောက်ကုသရပါသည်။ မိုးအခါတွင် လူအများသွားလာရေးအတွက် အခက်အခဲရှိပါသည်။ ဟင်္သာတမြို့နယ်ဆေးရုံသို့ သွားရောက်ပြသလျှင် (၁၈)မိုင်ဝေးပါသည်။ ဆောင်းရာသီနှင့် နွေရာသီသာလျှင် သွားလာရေးကောင်းမွန်မှုရှိပြီး မိုးရာသီမှာအခက်အခဲရှိပါသည်။။ ကားငှား၍သွားရပါသည်။။ ကျေးလက်ကျန်းမာရေးဌာနမှ ကာကွယ်ဆေးများကိုလည်း သတ်မှတ်သည့်ရက်အတိုင်း စောင့်ရှောက်ထိုးပေးပါသည်။ ယင်လုံအိမ်သာ သုံးစွဲမှုအားကောင်း၍ ကျန်းမာသန့်ရှင်းမှုကို အလေးပေးသော ရွာဖြစ်ပါသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျုံပျော်လေးကျေးရွာ၏ အခြေခံပညာမူလတန်းကျောင်းတွင်ကျောင်းသား (၄၉)ဦးရှိပါသည်။ မူလတန်းအဆင့် အောင်မြင်သူများမှာ (၂)မိုင် (၅)ဖာလုံကွာဝေးသော အ.ထ.က (ခွဲ)ကြာဂယက်ကျောင်းသို့ လည်းကောင်း၊(၃)မိုင် ၊(၅)ဖာလုံကွာဝေးသော အ.ထ.က ရှားခဲကျောင်းသို့လည်းကောင်း သွားရောက် ပညာသင်ကြားရပါသည်။ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် ကျောင်းသားမိဘများပါဝင်သောမိဘဆရာအသင်းသည် စုစည်းတက်ကြွစွာဖြင့် လိုအပ်ချက်များကို ပူးပေါင်းဆောင်ရွက်သောကြောင့် မူလတန်းအဆင့် ပညာရေးအတွက် အခက်အခဲမရှိ လုပ်ဆောင်နိုင်ပါသည်။ ရွာမှ ထူးချွန်စွာ တက္ကသိုလ်ဝန်ထမ်း အောင်မြင်သူ များနှင့် ရိုးရိုးအောင်မြင်သူများကို ကျုံပျော်လေးကျေးရွာ မေတ္တာရင်ခွင်အသင်းမှ ဆုချီးမြှင့်ခြင်းနှင့် အာဟာရများကို မူလတန်းကျောင်းတွင် ကျောင်းသားမိဘများနှင့် ရွာသူ/ရွာသားများက အလှည့်ကျ ကျွေးပေးကြပါသည်။

ကျုံပျော်လေးကျေးရွာသူ လယ်ယာစိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်သောကြောင့်စပါးကို မိုးရာသီ၊ပဲကို ဆောင်းရာသီ သီးနှံအဖြစ်စိုက်ပျိုးသည်။ ကွမ်းကို နွေ၊မိုး၊ဆောင်း သုံးရာသီစိုက်ပျိုးကြသည်။ နွား၊ ဝက်၊ ကြက်၊ ဘဲ တိရိစ္ဆာန်များမွေးမြူကြသော်လည်း စီးပွားဖြစ်မဟုတ်ပေ။ စိုက်ပျိုးရေး မဟုတ်သော အိမ်ထောင်စုများအနေဖြင့် ကျပန်းနှင့် ကွမ်းခူး၊ ကွမ်းညွန့်ချည်၊ နေ့စားလုပ်ကိုင်ဆောင်ရွက်ကြသည်။တက္ကသိုလ်ဘွဲ့ရများ ရှိသောကြောင့် အစိုးရဌာနများတွင် ဝင်ရောက်အမှုထမ်းကြပါသည်။

### (စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျုံပျော်လေးကျေးရွာတွင် အလုပ်လုပ်နိုင်သောလူဦးရေများအနက် အမျိုးသားဦးရေမှာ အမျိုးသမီးဦးရေထက် ပိုများပါသည်။ လယ်လုပ်ငန်း၊ ခြံလုပ်ငန်းများတွင် ဝင်ရောက်လုပ်သောအမျိုးသားများ၏ ဝင်ငွေသည် (၅၀၀၀) ကျပ်ရှိပြီး အမျိုးသမီးများ ကောက်စိုက်၊ ကွမ်းခူးလျှင် တစ်ဦးလျှင် (၃၀၀၀)ကျပ် ရရှိပါသည်။ ကျေးရွာအိမ်ထောင်စုပေါင်း (၅၀)ရာခိုင်နှုန်းခန့် လုပ်ကိုင်ကြသည်။ ကျေးရွာ၏စာတတ်မြောက်မှုတွင်လည်း ပညာရေးအဆင့်အလိုက်တွင် အမျိုးသမီး ဦးရေမှာ ပိုမိုများပြားပါသည်။ ကျေးရွာ၏စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီး များပါဝင်မှုမရှိသော်လည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် အမျိုးသမီးများတက်ကြွစွာ ပူးပေါင်းပါဝင်ကြပါသည်။ဥပမာ ရွာလုပ်အားပေးခေါ်လျှင်သာရေးနာရေးချက်ပြုတ်လျှင် အမျိုးသမီးများသာ အရေအတွက် ပိုများပါသည်။ သို့ရာတွင်ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆုံးဖြတ်ပိုင်ခွင့်များတွင်မူအမျိုးသမီးများ၏ အခန်းကဏ္ဍမှာအားနည်းနေဆဲ ဖြစ်ပါသည်။ ကျေးရွာတွင်အမျိုးသမီးတိုင်ကြားမှုများ၊ သံသယဖြစ်ဖွယ် အကြမ်းဖက်မှုမရှိပါ။ လူနေမှုအဆင့်အတန်း ခွဲခြားဆက်ဆံမှုမရှိဘဲ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှုပြီး အရေးကြုံလျှင်စည်းလုံးညီညွတ်စွာနေထိုင်သော ကျေးရွာတစ်ရွာ ဖြစ်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့်နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန်များစွာအထောက်အကူပြုနိုင်ပါသည်။

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

ကျုံပျော်လေးကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကျေးရွာလမ်းကော်မတီ၊ကျောင်းကော်မတီ၊ ရပ်မိရပ်ဖ၊ ဂေါပက၊ ပရဟိတ၊သာရေးနာရေး ကိစရပ်များကိုကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်နေပါသည်။ ကျန်းမာရေးနှင့်လူထုအထောက်အကူပြုအဖွဲ့ ကိုလည်းဖွဲ့စည်းထားပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှလမ်းညွှန်ချက်ဖြင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီကိုကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းပါဝင်ရွေးချယ်ဖွဲ့စည်း ခဲ့ကြပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## (ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျုံပျော်လေးကျေးရွာရှိ လယ်သမားများ၏ အဓိကစိုက်ပျိုးသီးနှံမှာ စပါးနှင့်ပဲဖြစ်ပြီး မိုးနှင့်ဆောင်းရာသီတွင် စိုက်ဧက (၃၃၈.၁)ဧက စိုက်ပျိုးကြပါသည်။ မိုးစပါးစိုက်ခင်းအားလုံးနီးပါးသည် မျိုးစေ့ကျဲစနစ်ကိုကျင့်သုံးကြပါသည်။ စိုက်ပျိုးရေးချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ပံ့ပိုးသောချေးငွေမှာ မြေပြင်ပြင်ဆင်စရိတ်နှင့် စိုက်ပျိုးရေးစရိတ်အထိ အထောက်အကူပြုပါသည်။ သို့သော် ဓါတ်မြေဩဇာနှင့် စိုက်ပျိုးစရိတ်အတွက် ပြင်ပလုပ်ငန်းရှင်များနှင့် ဓါတ်မြေဩဇာအရောင်းဆိုင်တို့မှ အတိုးနှုန်း(၃)ကျပ်မှ (၅)ကျပ်ဖြင့်လည်းကောင်း၊ အလွတ်ချေးငွေများအတွက် (၆)ကျပ်တိုအထိ လိုအပ်သောချေးငွေများချေးယူရပါသည်။ ချေးငွေကုမ္ပဏီများထံမှလည်း (၁.၅)ကျပ်တိုးဖြင့် အရင်းအတိုး(၁၄)ရက်တစ်ကြိမ်(၂၅)ကြိမ်ပေး ပေးချေငွေစနစ်ဖြင့် ချေးယူရပါသည်။ ဆောင်းသီးနှံစိုက်ချိန်တိုတောင်းခြင်းနှင့် ရာသီချိန်တိုတောင်းခြင်းတို့ကြောင့် လယ်သမားအားလုံးနီးပါးကြဲခင်းသာပြုလုပ်ကြပါသည်။ ကွမ်းစိုက်ပျိုးခြင်းကို ကျေးရွာအတွင်းရှိ အိမ်ထောင်စု(၇၅%)လောက်စိုက်ပျိုးကြပါသည်။ ရောဂါကင်းလွတ်သောခြံများတွင် တိုင်(၁၀၀၀) လျှင် တလဝင်ငွေ (၅၀၀၀၀)ခန့်ရရှိသဖြင့် ဆင်းရဲသော တောင်သူများအတွက် အားထားစိုက်ပျိုးနိုင်သော်လည်း ရောဂါမကာကွယ်နိုင်ပါက အရင်းအနှီးများဆုံးရှုံးနိုင်ပေသည်။ ကွမ်းဈေးအတက်အကျပေါ်မူတည်၍လည်း ဝင်ငွေပြောင်းလဲပါသည်။စိုက်ပျိုးရေးကိုသာ အဓိကထားစိုက်ပျိုးသည့်အတွက် ကြက်၊ ဘဲ၊ ဝက်တို့မှာ တစ်နိုင်၊ တစ်ပိုင်သာ မွေးမြူကြပါသည်။

ကျေးရွာတွင်ခြံလုပ်ငန်း စိုက်ပျိုးစရာမရှိသည့် ကြုံရာကျပန်းများအနေဖြင့် ရေလုပ်ငန်းဖြစ်သောငါးရှာ ဖွေခြင်းနှင့်ငါးရှဉ့်ထောင် လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ ၎င်းတို့အတွက် မှီခိုရာ အင်းအိုင်များသည် ကာလကြာရှည်လာသည်နှင့်အတူ ရာသီဥတုပြောင်းလဲမှုများကြောင့် အင်းအိုင်ကောမည့်အခြေအနေနှင့် ရင်ဆိုင်နေရပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျုံပျော်လေးကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်ဘဲ အခြားစီးပွားရေးလုပ်ကိုင်သူများမှာ ဈေးဆိုင်၊အရောင်းအဝယ်၊ပန်းရံ၊လက်သမား၊ မြို့ကြီးများတွင် သွားရောက်လုပ်ကိုင်နေသော စက်ရုံ၊အလုပ်ရုံဝန်ထမ်းများအစရှိသည်တို့ လုပ်ကိုင်ကြပါသည်။ နေ့စားလုပ်ကိုင်သူများမှာလည်း လယ်ထဲတွင် စက်မောင်း၊ ကွမ်းခြံဆင်း၊ ကွမ်းခူး၊ ကွမ်းညှနှ့်ချည် စသည့်လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။

တစ်နေ့လျှင်ကျား(၅၀၀၀)ကျပ်၊ မ(၃၀၀၀)ကျပ်ရရှိပါသည်။ ကျေးရွာအတွင်းရှိ အရမ်းအဆင်ပြေသူများမှလွဲ၍အားလုံးနီးပါးလုပ်ကိုင်ကြပါသည်။

## (ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

ကျုံပျော်လေးကျေးရွာတွင် စိုက်ပျိုးရေးတွင် သဘာဝမြေသြဇာများကို အသုံးပြုမှုနည်းပါးလာပြီး ဓါတုမြေသြဇာများ၊ ဓါတုပိုးသတ်ဆေးများကို လိုအပ်သည်ထက် ပိုမို အသုံးပြုလာသောကြောင့် စိုက်ပျိုးမြေများမှာ မြေဆီသြဇာများ ခမ်းခြောက်လာပြီး မြေဆီလွှာပျက်စီးမှုများဖြစ်ပေါ်နေပါသည်။ မြေဆီလွှာပျက်စီးလာသောကြောင့် သဘာဝ ဆေးဘက်ဝင်အပင်မျိုးစိတ်များလည်း ရှားပါးလာကာ အပင်များအတွက်ရောဂါကာကွယ်ထိန်းချုပ်မှု အားနည်းလာသောကြောင့်ဖျက်ပိုးများကျရောက်မှုရှိနေပါသည်။ ဘေးကင်းလုံခြုံရေးအတွက်မည်သည့်အဖွဲ့မည်သည့်ဌာနမှ သင်တန်းပေးခြင်း၊ကြိုတင်စီမံပေးခြင်းမရှိပါ။

သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ် နိုင်ရန်အတွက် ရေဒီယို၊တီဗွီတို့မှ သိရှိရပါသည်။ ကျေးရွာအုပ်စုအတွင်း မူလတန်းကျောင်းဖြစ်၍ ဆရာ/ဆရာမ မပြည့်စုံခြင်း၊ ကျောင်းဆောင်လိုအပ်ခြင်း။ ကျောင်းခြံစည်းရိုးမရှိခြင်း စသည့် လိုအပ်ချက်များ ရှိနေပါသည်။ ရဲစခန်းမရှိပါသဖြင့် ကျေးရွာလုံခြုံရေးအတွက်အုပ်စု အုပ်ချုပ်ရေးမှူးနှင့်ရပ်ဖိ/ရပ်ဖ ကျေးရွာလူငယ်များမှပူးပေါင်း ဆောင်ရွက်ကြပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့်သမဝါယမဦးစီးဌာနတို့သည်ငွေချေးရန် အရင်းအမြစ်များဖြစ်ပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်သမားများကိုသာထုတ်ချေးပြီး လယ်တစ်ဧကလျှင် (၁၅၀၀၀၀) ကျပ်နှုန်းဖြစ်ပြီး အများဆုံးထုတ်ချေးငွေမှာ (၁၅၀၀၀၀၀)ကျပ် ဖြစ်ပါသည်။ အတိုးနှုန်းမှာ(၀.၈) တိုးဖြစ်ပြီး လတိုးဖြစ်ပါသည်။ ထုတ်ချေးသည့်ကာလ မှာ(၇)လဖြစ်ပါသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ငါးဖယ်တူမြောက်ကျေးရွာရှိ မူလတန်းကျောင်းဆောင်မှာ (၉၀'×၃၀'×၁၈')ရှိသော တစ်ထပ်ကျောင်းဆောင်ပြီး အရည်အသွေးကောင်းမွန်မှုရှိပါသည်။ ကျောင်းတွင် အစိုးရခန့် ကျောင်းအုပ်ဆရာမကြီး (၁)ဦး၊မူလတန်းဆရာမ(၂)ဦး၊ မူလတန်းဆရာ (၁၂)ဦးနှင့် အထွေထွေလုပ်သား ကျား(၁)ဦးရှိပြီး စုစုပေါင်း (၅)ဦး ရှိပါသည်။ ကျောင်းသားဦးရေနှင့် ဆရာဆရာမဦးရေမှာ အချိုးညီမျှမှုရှိပါသည်။ ကျောင်းအိမ်

သာအခြေအနေမှာ ကောင်းမွန်မှုရှိပြီး ပရိဘောဂ၊ ထိုင်ခုံ၊ စာရေးခုံများမှာ လိုအပ်နေပါသေးသည်။ ကျောင်းသားဦးရေ(၄၉)ယောက်ရှိပြီး ကျေးရွာမှ (၅)နှစ်အထက်ကလေးများကို KG တန်းသီးသန့်ခွဲ၍ ကျောင်းတွင် သင်ကြားကြပါသည်။ ထိုကလေးများအတွက် သင်ထောက်ကူပစ္စည်းနှင့် ကလေးအားကစားကွင်းလည်း လိုအပ်နေပါသည်။ ကျောင်းမတက်ခဲ့သောကလေးများအတွက် သောက်သုံးရေလုံလောက်မှုရှိအောင် အလှူရှင်များမှာ ရေစည်၊ရေစုပ်စက် ၊အဝီစိတွင်း လှူဒါန်းပေးသောကြောင့် လုံလောက်မှုရှိပါသည်။ ကျေးရွာအတွင်းရှိ မူလတန်းကျောင်းတွင်ပညာသင်ပြီးပါက အုပ်စုအတွင်း အထက်တန်းကျောင်းတွင် ဆက်လက်ပညာသင်ကြားရပါသည်။(၃မိုင်မှ၅မိုင်) လောက်ဝေးသော ကျောင်းတွင် ပညာသင်ကြားရသည့် အတွက်စာမေးပွဲများနီးလျှင် ဆရာ/မိဘ များပူးပေါင်းပြီး ညဘက်စာသင်ဝိုင်း၊ စာကျက်ဝိုင်းတွေပြုလုပ်၍ ဆရာ/ဆရာမက အခမဲ့သင်ကြားပေးပါသည်။ အ.ထ.က ကျောင်းခွဲနှင့် (၃မိုင်၅မိုင်) ဝေးသောကြောင့် မူလွန်ကျောင်း လိုအပ်ပါသေးသည်။

ကျေးရွာတွင်ကျန်းမာရေးအတွက် ကာကွယ်ဆေးထိုးနှံမှုများ လစဉ်ကျန်းမာရေးဝန်ထမ်းများမှ ထိုးနှံပေးသောကြောင့် ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များတွင်ဖြစ်ပေါ်တတ်သော ရောဂါများကင်းဝေးကြရသည်။ အရမ်းဆိုးဝါးသောရောဂါများကို တိုက်နယ်အဆင့် ဆေးရုံသို့လည်းကောင်း ၊မြို့နယ်အဆင့်ဆေးရုံသို့လည်းကောင်းပို့၍ ကုပါသည်။ကျန်းမာရေးနှင့် ပတ်သက်၍ ရွာတွင်ရေသန့်စက်ရှိပါသည်။ယင်လုံအိမ်သာလည်းရှိပါသည်။တိုက်နယ်ဆေးရုံနှင့် (၁မိုင်မှ၃မိုင်)သွားရသောကြောင့် အရေးပေါ်သားဖွားသူများအတွက် သားဖွားဆောင်လိုအပ်ပါသည်။ ကာကွယ်ဆေးများ အခမဲ့ထိုးရသောလဲ အဖျားအနာ ရောဂါသမားများအတွက် အစစနစ်ဖြင့် ကျန်းမာရေးမှူးထံတွင် ဆေးကုသရသောကြောင့် ဆင်းရဲနွမ်းပါး သက်ကြီးရွယ်အိုများအတွက် အခမဲ့ဆေးကုသပေးနိုင်ရန် ဆေးဝါးများ အကူအညီလိုအပ်ပါသည်။ ရောဂါအထူးဆိုးလသည် မိုးအရမ်းကောင်းပြီး လမ်းပျက်သောအချိန်ဖြစ်သောကြောင့် လူနာများ သွားလာရေးအတွက် ခက်ခဲပါသည်။ထို့ကြောင့် အသဲအသန်လူနာများလမ်းတွင် အသက်အန္တရာယ် စိုးရိမ်ရသောကြောင့် သုံးရာသီသုံးလမ်းဖြစ်ရန်လဲ လိုအပ်ပါသည်။မြို့သို့သွားသောအခါ ရှမ်းစု၊ ကျတ္တနီ၊ ပိတောက်ကုန်း၊ ပေါက်တန်းလေးလမ်းကောင်းပါက ကျန်းမာရေးအတွက်သာမက ကျေးရွာတွင်ထွက်သည့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရန်

အတွက် လွယ်ကူသွားပါမည်။ကုန်စည်စီဆင်းမှုပိုမို လျှင်မြန်လွယ်ကူခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများပါ ပွင့်လင်းလာမည်ဖြစ်ပါသည်။

ကျုံပျော်လေးကျေးရွာသည် တစ်နှစ်ပတ်လုံး အဝီစိတွင်းများမှ သောက်ရေ သုံးရေးများကို အားထားသုံးစွဲကြရပါသည်။

**(ဆ) လူငယ်နှင့် ယဉ်ကျေးမှု**

လူငယ်များမှာ ကျေးရွာ၏သာရေးနာရေးဘာသာရေးတို့တွင် ပါဝင်ဆောင် ရွက်ကြပါသည်။ အမျိုးသမီးလေးများသည် ဝတ်ရွတ်အသင်းနှင့် အမျိုးသား လူငယ်များအားကစားနှင့် ကာယလေ့ကျင့်ခန်းပြုလုပ်ရန်အတွက် ဘောလုံးကွင်း မရှိပါ။လူငယ်များမှာကျေးရွာသာရေးနာရေးဘာသာရေးကိစ္စများတွင် အားတက် သရောရှိသော်လည်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း အားတက်သရော ရှိပါသည်။ ကျေးရွာရှိ လူကြီးများကလည်း လက်တွဲခေါ်ယူပါသည်။ အရက်သေစာ သောက်စားခြင်းတွင် အနည်းအပါးရှိ၍ ယဉ်ကျေးလိမ္မာဗဟုသုတရှိရန် စာပေ ဟောပြောပွဲများ မကြာခဏပြုလုပ်ချင်ပါသည်။ လူငယ်အဖွဲ့စနစ်တကျဖွဲ့စည်း ရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးရန် အဆိုပြုကြပါသည်။ ၎င်းလူငယ်တွေ အတွက် အသက်မွေးဝမ်းပညာရပ်များ သင်ကြားရန် အဆိုပြုကြပါသည်။ အထွေထွေဗဟုသုတ ရရှိရန် စာကြည့်တိုက်လည်းလိုအပ်ပါသည်။

**(ဇ) အခြေခံအဆောက်အဦ-လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့် ဆက်သွယ်ရေး**

ကျုံပျော်လေးကျေးရွာသည် ၂၀၁၉ ခုနှစ်၌အကျယ် (၆)ပေ၊ ထု(၆)လက်မ၊ အရှည်(၂၁၃၀)ပေခန့်ရှည်သော ချောင်းကျောက်လမ်းကို ကိုယ်ထူကိုယ်ထ စုဆောင်းပြီး ရွာလမ်းမကို ခင်းထားပါသည်။ ကျုံပျော်လေး ကျေးရွာသည် ကုန်းလမ်းကို အဓိကအသုံးပြု၍ ရေလမ်းကိုလည်း ရံဖန်ရံခါ အသုံးပြုလေ့ရှိပါ သည်။ ကျေးရွာအတွင်း အသုံးပြုသော ယာဉ်များမှာ ထော်လာဂျီ(၅)စီး၊ ဆိုင်ကယ်(၇၀)စီး၊စက်ဘီး(၇၀)စီးဖြင့် အသုံးပြုနေသော်လည်း ကားများကို မိုးရာသီတွင်အသုံးမပြုရပါ။

ကျေးရွာမွှးအလင်းရောင်အတွက် ယခင်က ရေနံဆီမီးတိုင်၊ ဖယောင်းတိုင် များအသုံးပြုခဲ့သော်လည်း ယခုဆိုလာစနစ်မီးအလင်းကိုမိမိအစီအစဉ်ဖြင့် ဝယ်ယူ သုံးစွဲနေရပါသည်။ အချို့ဆိုလာမရှိသောအခါ အိမ်ထောင်စုများသည် ဘက်ထရီ အားသွင်း၍ မီးအလင်းရရှိပါသည်။

ကျေးရွာတွင် တယ်လီဖုန်း၊ စလောင်း၊ ရေဒီယိုတို့ကို အသုံးပြုနိုင်သော ကြောင့် သီတင်းအချက်အလက်များကို အချိန်နှင့် တပြေးညီသိရှိပါသည်။

ဆက်သွယ်ရေးကောင်းသော်လည်း လမ်းအခက်အခဲများ ရှိနေပါသည်။ တံတား(၃) စင်းရှိပြီး (၁)စင်းမှာ ကွန်ကရစ်တံတား (၂)စင်းမှာ အန္တရာယ်ရှိသည့် သစ်သား တံတားလေးဖြစ်ပါသည်။

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျုံပျော်လေးကျေးရွာသည်မိသားစုကဲ့သို့ပင်စည်းစည်းလုံးလုံး နေထိုင်ကြသဖြင့်ပြဿနာကြီးကြီးမားမားဖြစ်လေ့ဖြစ်ထမရှိပါ။ ရံဖန်ရံခါဖြစ်လျှင်လည်း ရပ်မိရပ်ဖများ ၊ ဘုန်းတော်ကြီးများ ၊ လူကြီးမိဘများ၏ဆုံးမမှုအောက်တွင် ပြန်လည်သင့်မြတ်စည်းလုံး အေးချမ်းစွာနေထိုင်ကြရပါသည်။ ကူလီ၊ ကျပန်း ၊နေ့စားလုပ်ကိုင်စားသောက်သူများတွင် မိသားစုများ အဆင်မပြေမှုများ အနည်းငယ်ရှိပါသည်။ ကျေးရွာတည်ငြိမ်အေးချမ်းရေးအတွက် ကျေးရွာ ရပ်မိ/ရပ်ဖ၊ ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာလူငယ်များ ပူးပေါင်း၍ဆောင်ရွက် လျှက်ရှိပါသည်။

**(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ အဟန့် အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ**

ကျုံပျော်လေးကျေးရွာသည် အလုပ်လုပ်နိုင်သောဦးရေ စုစုပေါင်း လူဦးရေ ၏ (၃၃၀)ရှိပါသည်။ ထို့အပြင်တက္ကသိုလ်ဘွဲ့ရဦးရေ ၊ လူကြီး/လူငယ်လက်တွဲပြီး ကောင်မွန်စွာ တိုင်ပင်ညှိနှိုင်း ဆောင်ရွက်ကြသော အလေ့အထကောင်းများက လည်း အနာဂတ်ကာလအတွက် အားရဖွယ်ရာပင် ဖြစ်ပါသည်။ ကျေးရွာလူကြီး များတွင် သားရောက်အခြေချနေသူများကလည်းရွာ၏ ကျန်းမာရေး၊ ပညာရေး၊ ဗဟုသုတရရှိရေးတို့ကို အချိန်အခါအလိုက် လှူဒါန်းထောက်ပံ့ပေးခြင်း၊ လူငယ် ကဏ္ဍအသိပညာဗဟုသုတရရှိရေးအတွက် စာကြည့်တိုက်အတည်ငွေများ လှူဒါန်း ခြင်းအစဉ်အလာ တစ်ရပ်သည်လည်း ဤကျေးရွာအတွင်း ဘက်စုံဖွံ့ဖြိုးရန် အလားအလာကောင်းပင်ဖြစ်ပါသည်။ဘုန်းတော်ကြီးမှလည်း ဝိုင်းဝန်းဦးဆောင်မှု များကြောင့် လည်းပါပါသည်။

ကျုံပျော်လေးကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသော စီးပွါးရေးကိုသာ လုပ်ကိုင်ကြသောကြောင့် မိုးစပါး၊ဆောင်းသီးနှံ နှင့် ကွမ်းအခြားသော ခြံထွက် ပစ္စည်းများ ထုတ်လုပ်ပါသည်။ ရေလုပ်သားများကလည်း နွေမိုး၊ဆောင်း ငါးဖမ်းလုပ်ငန်းများလုပ်ကိုင်ကြပါသည်။လယ်ကေ ယ်လယ်သမားများဖြစ်သဖြင့်

ရရှိသောစပါး အထွက်နှုန်းပေါက်စျေးနှုန်းနှင့် မတ်ပဲစျေးတို့သည် လယ်သမား မိသားစုနှင့် ဥယျာဉ်ခြံလုပ်ငန်းလုပ်သူများအတွက် လုပ်သားခပြန်ရရှိသာရှိပြီး ၎င်းလုပ်ငန်းများကို မှီခိုလုပ်ကိုင်စားသောက်သော ကျပန်းအလုပ်သမားများမှာ အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးလာသည်။ စပါးအခြေခံရောင်းဝယ်မှု ထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်များတွင် ရောင်းဝယ်ဖောက်ကားသူ စသည်ဖြင့် စပါးထုတ်လုပ်မှုတခုတည်းမှ ကျေးရွာသူ ရွာသားများအတွက် ဝင်ငွေနှင့် စားနပ်ရိက္ခာကို အတန်အသင့်သာ ဖူလုံစေသည်ဟု ဆိုရပါသည်။ ရာသီဥတုအနေ အထားမှာ စိုက်ပျိုးရန်ကောင်းသော ရာသီဥတုဖြစ်ပါသည်။စိုက်ပျိုးရေးအတွက် ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှုရှိပြီး သီးနှံမျိုးစေ့များမြေသြဇာများ အခြားသွင်း အားစုများကို ဝယ်ယူရရှိနိုင်သော အခွင့်အလမ်းများ ရှိပါသည်။ အလုပ်သမားများ လည်းငှားရမ်းနိုင်ပါသည်။

ကျေးရွာရှိမိုးရာသီရေလုပ်ငန်းများ လုပ်ကိုင်သော မိသားစုများအတွက် ဖမ်းဆီးရရှိသော ငါး၊ ပုဇွန်၊ ငါးရှဥ့်များကို စျေးကွက်သို့တင်ပို့နိုင်ခြင်း၊ မြို့ပေါ်ရှိ ရေထွက်ပစ္စည်းစျေးကွက်နှင့် ချိတ်ဆက်၍ စျေးကွက်လိုအပ်ချက်အတိုင်း ထုတ်လုပ်နိုင်မည့်အခွင့်အလမ်းရှိနေပါသည်။

စိုက်ပျိုးရေးလုပ်ငန်းများဖြင့် အိမ်ထောင်စုအများစုမှ အသက်မွေးမှုပြုကြ သဖြင့်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို ထုတ်ချေး နိုင်ခြင်း၊ သမဝါယမချေးငွေစသည်တို့ဖြင့် လက်လှမ်းမီသည့်အတွက်ကြောင့် မိမိတို့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် သင့်တော်သော ရင်းနှီးငွေ ပမာဏ အားရရှိနိုင်ပါသည်။ မူလတန်းကျောင်းမှာ လည်းကျောင်းသားကျောင်းသူများ အတွက်သင့်တော်လုံလောက်မှုရှိသည့်အပြင် မိဘဆရာအသင်း စုစည်းတက်ကြွစွာ ဖြင့်လိုအပ်ချက်များကို ပူးပေါင်းဆောင်ရွက်နိုင်သောကြောင့် မူလတန်းအဆင့် ပညာရေးအတွက် ပညာရေးကောင်းမွန်သော အလားအလာဖြစ်ပါသည်။၎င်းအပြင် အလယ်တန်းနှင့် အထက်တန်းပညာများ သင်ယူမည့်အတွက် အထက်တန်း ကျောင်းနှင့်လည်း (၃-၅)မိုင် သာရှိ၍ နေ့ချင်းပြန် ကျောင်းတက်နိုင်သည် ဖြစ်ရာ ကုန်ကျစရိတ် နည်းပါးစွာဖြင့်ပညာတက်လူငယ်များ ထွက်ပေါ်လာနိုင်ပါသည်။

မြို့နယ်ဆေးရုံနှင့် (၅-၂၀)မိုင်ကွာဝေးပြီး မိုးအခါသွားလာရန် အခက်အခဲ ရှိပါသည်။တိုက်နယ်ဆေးရုံနှင့်လည်း (၃-၅)မိုင်ကွာဝေးပြီး သွားလာရန် လွယ်ကူပါ သည်။

ကျေးရွာတွင်း ကလေး၊ လူငယ်၊ လူကြီး၊ ကျား၊ မ မရွေးရွာ၏ သာရေး နာရေးဖွံ့ဖြိုးရေးလုပ်ငန်းများကို တက်တက်ကြွကြွပူးပေါင်း ပါဝင်ဆောင်ရွက် ကြပြီး အိမ်ထောင်စုတစ်စုနှင့်တစ်စု မိသားစုသဖွယ် နေထိုင်ကြသောကြောင့် ကြီးမားသော မှုခင်းဖြစ်ပွားမှု အခြေအနေနည်းပါးကာ ကျေးရွာ၏ဖွံ့ဖြိုးရေး အတွက် ကောင်းမွန်သောအခွင့်အလမ်းတစ်ရပ်လည်းဖြစ်ပါသည်။

**(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ**

ကျေးရွာနှင့် မြို့နယ်ဆေးရုံအသင့်အတင့် ကွာဝေးသော်လည်း မိုးအခါ ကာလမ်းများပျက်စီးသောကြောင့် အနာရောဂါထူချိန်တွင် အခက်အခဲရှိပါသည်။ တိုက်နယ်ဆေးရုံနှင့် သွား၍လွယ်ကူသော်လည်း ရောဂါကြီးများအတွက် မလုံလောက်ပေ။

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေသော အဖွဲ့အစည်းများ ရှိသော်လည်း သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်အားနည်း နေသေးသည်။

ကျေးရွာတွင် စပါးထွက်သော်လည်း အခြောက်ခံစက်ကြီးများနှင့် အလှမ်း ဝေးနေသေးသည်။မြို့ကြီးများတွင်ရှိရာ မိုးနှောင်းကာလ လမ်းပျက်စီးမှုများသော ကြောင့်သယ်ယူပို့ဆောင်ရေး အရမ်းအခက်အခဲရှိပါသည်။ အချိန်အခါမဟုတ် မိုးရွာ သွန်းခြင်းကြောင့်လည်း ဖြစ်သပါသည်။ဤကျေးရွာ၏အဓိက မြို့ပေါ်သို့ အခြောက် ခံစက်များသို့ ပို့ဆောင်ရန် ဟသ်ာတ-ပုသိမ် လမ်းမကြီးကအဓိကကုန်ထုတ်လမ်း မကြီးဖြစ်ပါသည်။ ဤကုန်ထုတ်လမ်းမကြီးကို ကျေးရွာအုပ်စုပေါင်း(၄) အုပ်စု ကျော် ရွာပေါင်း ( ၉ )ရွာမှ တောင်သူတို့အဓိက မှီခိုနေရပါသည်။ စပါးစိုက်သည့် အပေါ်ကုန်သည်များမှ ထပ်ဆောင်းပေါင် အပိုပေးရခြင်းသည်လည်း လယ်သမား များအဖို့ အရမ်းနစ်နာသည့် အခက်အခဲစိန်ခေါ်မှုပင်ဖြစ်ပါသည်။

**(၁)စိုက်ပျိုးရေး**

ကျုံပျော်လေးကျေးရွာသည် စပါးနှင့်ပဲကိုသာ အဓိကထား စိုက်ပျိုး ကြသောကြောင့် စပါးရိတ်သိမ်းရာတွင် ရိတ်သိန်းခြွေလှေ့စက်ဖြင့်ရိတ် သိမ်းကြပြီးအချိန်တိုအတွင်း လုပ်ငန်းပြီးစီးမှုရှိသောလည်း ငှားရမ်းခ ဈေး ကြီးခြင်း၊ အလွယ်တကူ ငှားရမ်းမရနိုင်ခြင်း တို့ကြောင့် လုပ်ငန်းခွင် အခက် ကြုံရသည်မှာ တောင်သူလယ်သမားတိုင်းကြုံတွေ့ရပါသည်။

စပါးအထွက်တိုးနည်းပညာများကို နည်းပညာဝန်ဆောင်မှု အဖွဲ့ များထံမှ ရရှိနိုင်သော်လည်း လိုအပ်သောသွင်းအားစုများကိုအချိန်မှီ

ထည့်သွင်းနိုင်မှု မရှိနိုင်ခြင်းကြောင့် အထွက်တိုးနည်းပညာများ၏ ရလဒ်ကို အထင်အရှား မမြင်ရနိုင်၍ နည်းပညာပြန့်ပွားကျင့်သုံးမှုနှင့် တောင်သူအားလုံးအကျိုးအမြတ် ဖြစ်ထွန်းလာရန်များစွာ အချိန်ယူရဦးမည်ဖြစ်ပါသည်။

(၂) **မွေးမြူရေးနှင့်ရေလုပ်ငန်း**

ကျေးရွာတွင်မွေးမြူရေးလုပ်ငန်းများအား စီးပွားဖြစ်လုပ်ကိုင်ကြသူများမရှိပါ။

(၃) **ပညာရေး**

ပညာရေးတွင် ဆင်းရဲသောမိသားစုများမှ ကျောင်းသား/သူများအဖို့ ကျောင်းစရိတ် မတက်နိုင်၍ ကျောင်းတက်ရန် အခက်အခဲများ ရှိခြင်းကြောင့် အလယ်တန်းအဆင့် ကျောင်းထွက်နှုန်းသည် အသင့်အတင့်ရှိသည်။ ကျေးရွာစာသင်ကျောင်းတွင် ကျောင်းသုံးပရိဘောဂ မလုံလောက်သောကြောင့် အခက်အခဲရှိပါသည်။ကလေးကစားကွင်း လုပ်ရန် မြေနေရာရှိပြီး ကစားကွင်း အင်္ဂါရပ်နှင့်ညီညွတ်ရန်ထောက်ပံ့ပေးရပါမည်။

(၄) **ကျန်းမာရေး**

ကျန်းမာရေးကုသမှုအတွက် ရွာတွင်ကျေးလက်ဆေးပေးခန်းမရှိပါ။ ကျေးရွာရှိ ရွာသူ၊ရွာသားများသည် ကျန်းမာရေးနှင့်ပတ်သက်၍ အသိပညာဗဟုသုတ အားနည်းခြင်းကြောင့် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများပြုလုပ်နိုင်လျှင် ပိုမိုကောင်းမွန်လာမည်ဖြစ်ပါသည်။ ကျေးလက်ကျန်းမာရေးဌာနတွင် ဝန်ထမ်းပြည့် စုံမှုရှိသော်လည်း မြို့ပေါ်တွင်သာနေထိုင်မှုများပြားပါသည်။အစည်းအဝေးနှင့် ကာကွယ်ဆေးထိုးရုံ သာလာနိုင်သောကြောင့် ဆေးကုသရန် အခက်အခဲရှိပါသည်။ ရွာတွင် ကျေးလက်ဆေးပေးခန်းရှိပါက ပို၍အဆင်ပြေပါသည်။

(၆) **ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်းနှင့်ဗျူဟာ**

ကျွန်ုပ်တို့ ကျုံပျော်လေးကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်းမှာ ယေဘုယျအားဖြင့် လူမှုစီးပွားဘဝတိုတက်သာယာရေးဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲကြသော အခါလူထုပူးပေါင်းဖော်ထုတ်သောနည်းလမ်းများဖြင့် အဆိုပါရည်မှန်းချက်ပန်းတိုင်နှင့် ပန်းတိုင်ရောက်ရှိရေး အကောင်အထည်ဖော်ရမည် နည်းဗျူဟာများကို ဆွေးနွေးဖော်ထုတ်ခဲ့ကြပါသည်။

**(ဂ) ရည်မှန်းချက်ပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးရေးပန်းတိုင်များတွင် ကျေးရွာသူ/သားများ ဝင်ငွေတိုးတက်ရေး၊ တစ်ဦးချင်းစွမ်းဆောင်ရည်တိုးတက်ရေးနှင့် ပညာရေးကို အလေးထားပြီး ကလေးနှင့်လူငယ်များအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမည် ရည်မှန်းချက်များကိုလည်း (၂၀၁၉မှ ၂၀၂၃)(၅နှစ်တာကာလ)အတွင်း အောက်ပါအတိုင်း ရိုးရှင်းစာချမှတ်ထားပါသည်။

(၁) ရွာလူထုသည် စိုက်ပျိုးရေးထုတ်ကုန်တိုးမြှင့်ထုတ်ခုပ်ခြင်း၊မွေးမြူရေးများတိုးတက်လုပ်ကိုင်ခြင်းဖြင့် ဝင်ငွတိုတက်စေရမည်။

(၂) လူငယ်များအား ပညာတက်မြောက်မှုပိုမိုတိုးတက်စေခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ ကျွမ်းကျင်မှုရှိစေပြီး အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်လာစေပြီး စီးပွားရှာဖွေနိုင်စွမ်းနှင့် ဝင်ငွေတိုးမြှင့်လာရမည်။

(၃) ရွာလူထုသည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေခြင်းဖြင့် ၎င်းကျေးရွာမီးလင်းရေးရရှိခြင်း။

**(ခ) နည်းဗျူဟာ**

လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့်စီကမံကိန်များကို အောက်ဖော်ပြပါ အကောင်အထည်ဖော်ရေးနည်းဗျူဟာများကျင့်သုံး၍ စနစ်တကျဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက်များကို ရောက်ရှိမည်ဟုယုံကြည်ပါသည်။

(၁) ကျေးရွာရှိမိရိုးဖလာစိုက်ပျိုးရေးနည်းဗျူဟာများကိုသာ အသုံးပြုနေသော တောင်သူများ၏ ဝင်ငွေတိုးတက်လာစေရန်အတွက် အထွက်နှုန်းနှင့် အရည်အသွေးကောင်းပြီး ဈေးကွက်အတွင်း လူကြိုက်များသော စပါးမျိုးကိုသာ ဦးစားပေးစိုက်ပျိုးထုတ်လုပ်ရန်နှင့်စိုက်ပျိုးနည်းပညာများ၊ ပိုးမွှားရောဂါကာကွယ်ရေးနည်းလမ်းများအတွက် လိုအပ်ချက်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ပါသည်။

(၂) ကျေးရွာအတွင်းရှိ လူငယ်များ၏ အလုပ်အကိုင် အခွင့်အလမ်းများရရှိရန်အတွက်မီးရရှိပါက ဒေသအတွင်းစက်ရုံ၊ အလုပ်ရုံများလာရောက်ဖွင့်လှစ်ရန်ဖိတ်ခေါ်မည်။ အသက်မွေးဝမ်းကျောင်းနည်းပညာသင်တန်းများအတွက် ချိတ်ဆက်အောင်ဆောင်ရွက်ပေးရန်။ အမျိုးသမီးများတဖက်တလမ်းဝင်ငွေရရှိရန်ဈေးကွက်ထိုးဖောက်မည့်အကျိုးတူအုပ်စုဖွဲ့စည်းပြီး လုပ်ငန်းအကာင်

အထည်ဖော်ရန် ဒေသထွက်ကုန်များ ဈေးနှုန်းပိုမိုရရှိစေရန် ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်သောနည်းပညာများရရှိစေရန်နှင့် ချေးငွေလက်လမ်း မှီမှုရရှိ ပြန်ဆပ်နိုင်ရန်ဆောင်ရွက်သွားမည်။

(၃) ကျေးရွာအတွင်းတွင် လယ်သမားများအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်မှချေးငွေအစီအစဉ်ရှိသော်လည်း စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ကျေးရွာ အတွင်း အသေးစားလုပ်ငန်းများအတွက် လုံလောက်မှုမရှိသောကြောင့် ချေးငွေထုတ်ချေးပေးနိုင်မည့် အဖွဲ့အစည်းများနှင့် အသေးစားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေပါသည်။

(၄) ကျေးရွာအတွင်းလမ်းများနှင့် ချဉ်းကပ်လမ်းများအား အဆင့်မြှင့်တင်ခြင်း များအတွက် သက်ဆိုင်ရာဦးစီးဌာနများအကူအညီပေးမည့် အဖွဲ့အစည်း များနှင့်ချိတ်ဆက်ပြီး ကျေးရွာလူထုလုပ်အားပေါင်းစပ်ကာ လုပ်ဆောင်သွား ပါမည်။

(၅) ကျေးရွာမီးလင်းရေးအတွက် လျှပ်စစ်ဓါတ်အားလိုင်းနှင့် ချိတ်ဆက်ရန် မတက်နိုင်သေးသဖြင့် ကျေးရွာမီးလင်းရေးကော်မတီဖွဲ့စည်းပြီး မတည်ရန်ပုံ ငွေရှာဖွေမည့် မဟာဓါတ်အားလိုင်းနှင့်လျှပ်စစ်ဓာတ်တိုင်ဖြတ်ကျော်လာမည့် ရွာများနှင့် အဆင်ပြေအောင်ညှိနှိုင်းပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ချိတ်ဆက်ပြီးဆောင်ရွက်သွားပါသည်။

## (၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာ များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာ အကြံပေးအဖွဲ့တို့၏ အကြံပြု ချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါအဖွဲ့အစည်းများသည် ကျွန်ုပ်တို့ကျေး ရွာ၏လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့် ထိုမှတဆင့် ကျွန်ုပ်တို့ ကျေးရွာ အဆင့်အထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြုဖော် ထုတ်ပေးနိုင်ခဲ့ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။အနာဂါတ်တွင်လည်း ရေရှည်တည်တံ့ မည့်အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟုမျှော်လင့်ပါသည်။

ကျွန်ုပ်တို့ကျေးရွာသူ/သားများ ကိုယ်တိုင်အားထုတ် လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန်မှန်ပြန်လည်သုံးသပ်၍ပြုပြင်ရေးဆွဲခြင်း စသည်တို့ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

**(ခ) ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ**

ကျုံပျော်လေးကျေးရွာ၏ လိုအပ်ချက်တစ်ရပ်တွင် စိုက်ပျိုးရေး ၊မွေးမြူရေး၊ အခြားဝင်ငွေရလုပ်ငန်းများအတွက် လုံလောက်သော ချေးငွေများကို ရရှိမှုက လည်းအဓိက ဖြစ်ပါသည်။ကျေးရွာများတွင် ချေးငွေများ ထုတ်ချေးပေးနေသော မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စပါးသီးနှံ (ကာလတိုချေးငွေ) တစ်ခု တည်းကိုသာ ဦးစားပေးဆောင်ရွက်ပေးနေသောကြောင့် အခြားသီးနှံစိုက်ပျိုးသူ တောင်သူများအတွက် လိုအပ်ချက်များရှိနေဆဲဖြစ်ပါသည်။တောင်သူအများစုသည် ကာလရှည်ချေးငွေများ ထုတ်ချေးပေးနိုင်သော ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ နှင့်ချိတ်ဆက်လုပ်ဆောင်လိုကြသည်။ ကျေးရွာသူ/သားများလိုအပ်သော ချေးငွေ များထုတ်ချေးပေးနိုင်ရန် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များ ကိုလျှော့ချပြီး ဒေသလိုအပ်ချက်နှင့် အညီပြုပြင်ပြောင်းလဲသင့်ပါသည်။

**(ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာနည်းပညာနှင့် ဈေးကွက်အတွက်အထောက် အပံ့များဖြည့်ဆည်းပေးခြင်း**

ကျုံပျော်လေးကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက်စိန်ခေါ်မှုတရပ်မှာ စိုက်ပျိုးထုတ်လုပ်သူများ၏ ဈေးကွက်ဆိုင်ရာ သဘောသဘာဝများ သိရှိမှုအား နည်းခြင်းနှင့် အရည်အသွေးကောင်းမွန် သောထုတ်ကုန်များရရှိရေးအတွက် ခေတ်မီသောနည်းပညာများ လိုအပ်ခြင်းပင်ဖြစ်ပါသည်။ ဟသ်ာတမြို့နှင့် မဝေးလှ သော အားသာချက်ကို အမှီပြု၍ ဒေသထွက်ကုန်များကို သင့်တော်သော ဈေးနှုန်း ဖြင့် ရောင်းချနိုင်ရန် ဈေးကွက်သဘောတရားများကို နားလည်အောင် နည်းလမ်း ပြပေးနိုင်မည့် မြို့နယ်အဆင့်မှ စိုက်ပျိုးရေးဦးစီးဌာန၊မွေးမြူရေးနှင့်ကုသရေးဦးစီး ဌာန၊ အခြားသက်ဆိုင်ရာဦးစီးဌာနများ၊ကုလသမဂ္ဂအဖွဲ့အစည်းများ၊အစိုးရမဟုတ် သော နိုင်ငံတကာအဖွဲ့အစည်းများ၏ ပူးပေါင်းလမ်းပြဖေးမမှုများကလည်း အရေး ပါလှပါသည်။

ထို့အပြင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာသင်တန်းများ စီစဉ် ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို ဖန်တီးပေးရုံသာမက ကျေးရွာများအလိုက် ပြောင်းလဲလုပ်ကိုင်ရန် လိုအပ်သောလုပ်ငန်းများကို ဖွံ့ဖြိုး

တိုးတက်လာဖွယ်ရှိသော ဝန်ဆောင်မှု လုပ်ငန်းများစသည်တို့အတွက် လိုအပ်သော ကျွမ်းကျင်မှုအသစ်များ အတလိုက်စွမ်းဆောင်ရည်မြှင့်တင်ခြင်းများဖြင့် ချိတ်ဆက်ရန်လိုအပ်ပါသည်။သက်ဆိုင်ရာဦးစီးဌာနများ အဖွဲ့အစည်းများ အနေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဈေးငွေအစီအစဉ်များဖြင့် ချိတ်ဆက်လုပ်ဆောင်ပေးနိုင်ပါက မြန်ဆန်စွာတိုးတက်လာစေပါမည်။

ကျွန်ုပ်တို့ကျေးရွာတွင် ဒေသထွက်ကုန် ကုန်ကြမ်းများကိုသာရောင်းချမည့်အစား အရည်အသွေးရှိသော တန်ဖိုးမြှင့် ထုတ်ကုန်များထုတ်လုပ်ရောင်းချနိုင်ရန် နည်းပညာသင်တန်းများ ရရှိဆောင်ရွက်ခြင်းကလည်း ကျေးရွာရှိလူသားအရင်းအမြစ်သုံးစွဲမှုကို ထိရောက်စွာ အသုံးချနိုင်ရုံသာမက ဒေသတွင်း တစ်နိုင်တစ်ပိုင် အသေးစားလုပ်ငန်းများ တိုးတက်လာစေနိုင်သောကြောင့် ကျေးရွာ၏ဝင်ငွေရရှိမှုကိုမြင့်မားလာခြင်း၊အခြားဒေသများတွင် ရွှေ့ပြောင်းလုပ်ကိုင်နေသူများအား မိမိနေရပ်သို့ပြန်လာ၍ လုပ်ကိုနိုင်မည့်အခွင့်အလမ်းများ တိုတက်လာစေပြီး မိသားစုများ ပေါင်းစည်းနေထိုင်လုပ်ကိုင်နိုင်ခြင်း စသည်ဖြင့်ဒေသတွင်း စားနပ်ရိက္ခာဖူလုံမှု တိုးတက်လာစေပြီး ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းစေရေးကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုနိုင်ပေမည်။

## (၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်စေနိုင်မည့် နည်းဗျူဟာများအဖြစ်သို့ရောက်ရှိအောင် အောက်ခြေအထိ ဆုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။စီမံကိန်း(၅)နှစ်တာကာလ ကျော်လွန်ချိန်တွင်ဖော်ပြပါ ပန်တိုင်းများကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ်လိုအပ်ပါသည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုသည် (၅)နှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်စိစစ်ရွေးချယ်ထားသည်။ ဦးစားပေးစီမံချက်များမှာပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပါ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃)နှစ်ကျော် လာချိန်တွင် စီမံကိန်း (၅)နှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေးနည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်း

လဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်း(၅)နှစ် တာအတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။ ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက်ဘဏ္ဍာရေးနှစ်ငွေကြေးစီမံမှုဆိုင်ရာရွေးချယ်ခြင်း၊ အစီအစဉ်နှင့်စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရလွယ်ကူစေရန် ဦးတည်ပါသည်။ ဒေသအတွင်းဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန်ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ (၅)နှစ်တာအတွက် ရေးဆွဲထားသောဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ပြင်ဆင်ရမည်ဖြစ်ပါသည်။

**(ခ) ကဏ္ဍာနှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း**

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍စီမံချက်အုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာအချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာအထောက်အကူပြုမည်။ Functional classificationသည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၎င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classification သည်စီမံချက်များ၏ အကျိုးရလဒ်ဖြစ်ထွန်းမှုများအားအကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

(၁) ကဏ္ဍာကိုအခြေခံ၍စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional classification)ဆောင်ရွက်ရမည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် –

